Generation on Mon Society UK

GMS-UK Generation of Mon Soeiety United Kingdom အသင်းအဖွဲ့အစည်း သမိုင်း နှင့် ရှေ့ဆက်လုပ်ငန်းစဉ်

၂၀၀၁ ခုနှစ်မှ စ၍ မွန်တိုင်းရင်းသားများ လန်ဒန်မြို့ တွင် စတင်ဆုံစည်းခဲ့ကြသည်။ အစဦးမှာ ဘုန်းဘုန်း ဦးနန္ဒပါလ နှင့် တွေ့ဆုံပြီးနောက် ကျွန်တော်အပါအဝင်၊ နိုင်တလနွန်( ကိုစောမြ )၊ နိုင်အိုင်းမွန်၊ နိုင်အောင်မွန်၊ နိုင်သန့်စင်၊ တို့မှာ ယူကေ မွန်အမျိုးသားနေ့ကျင်းပရေးအတွက် စတင်စည်းရုံးတိုင်ပင်ကြသည်။ ထို့နောက် ၂၀၀၂ ခု ဖေဖော်ဝါရီလ ၂၂ ရက် တနင်္လာနေ့ တွင်  မွန်အမျိုးသားနေ့ကို နိုင်သန့်စင်နေအိမ် ( Hounslow ) တွင် သံဃာပင့်ဖိတ် နေ့ဆွမ်းကပ်ပြီး၊ ညပိုင်းတွင် နိုင်တလနွန် နေအိမ် ( Greenford )၌ မွန်အမျိုးသားနေ့  ဆိုင်းဘုတ်တင် မွန်အမျိုးသားအလံ အလေးပြု အခမ်းအနား နှင့် ဟောပြောခြင်းများဖြင့် စတင်ကျင်းပနိုင်ခဲ့သည်။ ပထမဆုံးခြေလှမ်း အဖြစ် ထိုနေ့ကျင်းပမှုတွင် နိုင်အောင်စိုး၊ မိအေးအေး တို့က အားဖြည့် ပါဝင်လာခဲ့ကြသည်။

၂၀၀၃ ခုနှစ် မှစ၍ နှစ်စဉ်နှစ်တိုင်း Ealing နှင့် Greenford တွင် ခန်းမ ငှားပြီး မွန်အမျိုးသားနေ့ ကျင်းပလာခဲ့သည်။ မိသီတာ နှင့် မိညိုညို တို့မှ ဦးဆောင်ကာ တပင်တိုင်၊ ၂ ပါး သွား၊ ဟင်္သာ၊ လူပျိုလှည့်၊ မွန်သကြၤန် စသော မွန်ယဉ်ကျေးမှု အကများဖြင့် အမျိုးသားနေ့တွင် ဖျော်ဖြေတင်ဆက်နိုင်ခဲ့သည်။ ၂၀၀၃ ခုနှစ် တွင် စာရေးဆရာ Ashley South မှ မွန်အမျိုးသားနေ့ အထူးမိန့်ခွန်း ပြောကြားခြင်း၊ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ ယူကေ သံအမတ်ကြီးဟောင်း Vicky Bowman မှ မွန်အမျိုးသား ယဉ်ကျေးမှု၊ ပညာရေး၊ စာပေ ထွန်းကားရေး အကြောင်း မွန်အမျိုးသားနေ့ အခမ်းအနားများတွင် တက်ရောက်ဟောပြောမှုများလည်း ရှိခဲ့ပါသည်။ အသင်းနာယကကြီး နိုင်မန်းတင်သောင်း ဒေါ်ချိုချိုခင် မှလည်း နှစ်စဉ်နှစ်တိုင်း မွန်အမျိုးသားနေ့ ဖြစ်မြောက်ရေးအတွက် လှူဒါန်းပံ့ပိုးငွေများ အဆတိုး ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၀၆ ခုနှစ်မှစ၍ မွန်တိုင်းရင်းသားများ၏ တက်ကြွစွာ စည်းရုံးမှုဖြင့် ခေတ်ပေါ် တေးဂီတတီးဝိုင်း များပါ ထည့်သွင်း ကျင်းပလာခဲ့သည်။ ၂၀၀၆ ခုနှစ် တွင် ကိုနေမျိုး ကိုလင်းထင်တို့ ဦးဆောင်သော တေးဂီတအဖွဲ့၊ ၂၀၀၇ ခုနှစ်တွင် ကိုကျော်ဇေယျ၊ ကိုထမ်းကင်တို့ ဦးဆောင်သော တေးဂီတတီးဝိုင်းများ ဖြင့် ယူကေမွန်များက ဖွဲ့စည်းစည်းရုံးနိုင်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ်တွင် နိုင်အောင်ဇော်တမိုက်၊ နိုင်မင်းကျော်သူ၊ နိုင်နွန်ထောရတ်၊ နိုင်ရန်နိုင်စိုး၊ မိညိုညိုတို့ ပါဝင်သော မွန်ဟင်္သာ အ ငြိမ့်အဖွဲ့ ကို ဦးဆောင်ဖွဲ့စည်းကာ၊ မွန်အမျိုးသားနေ့ များ နှင့် အခြား မြန်မာသကြၤန် ဖျော်ဖြေမှုများတွင် ပါဝင်ကပြ တင်ဆက်ခဲ့ကြသည်။ မွန်ဟင်္သာအငြိမ့် အဖွဲ့ကို ပန်းချီဆရာ ဦးထိန်လင်း မှ ဦးဆောင်ကူညီခဲ့ပါသည်။ နှစ်စဉ်နှစ်တိုင်း ကျရောက်သော မွန်အမျိုးသားနေ့တွင် လန်ဒန်မြို့ တိစာရဂ္ဂ ဝိဟာရ ကျောင်း၌ သံဃာတော်များအား နေ့ဆွမ်းဆပ်ကပ် လှူဒါန်းကာ ကြဆုံးလေပြီးသော မွန်တိုင်းရင်းသား ခေါင်းဆောင်များ၊ အမျိုးသားရေး အတွက် တိုက်ပွဲဝင်များ အားလုံးအတွက် ရေစက်ချ အမျှဝေခဲ့ကြသည်။ ၂၀၁၉ ခုနှစ် ၇၂ ကြိမ်မြောက် မွန်အမျိုးသားနေ့တွင် ဆန်းဒါးလန်းမြို့ ဝိဝေကာရာမ ကျောင်း နှင့် လန်ဒန်မြို့ ရှိ မြန်မာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း ၅ ကျောင်း၊ များမှ သံဃာတော် ၁၀ ပါးအား Whitton Community Centre တွင် နေ့ဆွမ်းဆပ်ကပ်ပြီး မွန်အမျိုးသားနေ့ ကို အထူးအစီအစဉ် တစ်ရပ်အဖြင့် ကျင်းပနိုင်ခဲ့သည်။

၂၀၀၇ ခုနှစ် ဇူလိုင်လတွင်၊ 23 Morland Garden နေအိမ်၌ နိုင်သန့်စင် အဖ နိုင်စောဦး အပါအဝင် ယူကေမွန်တိုင်းရင်းသားများ စုစည်းကာ နှစ်ပတ်လည်အစည်းအဝေး နှင့် ညီလာခံ ကို ကျင်းပခဲ့သည်။ ထိုညီလာခံ မှ ယူကေမွန်လူငယ်များအသင်း တရားဝင်ဖွဲ့စည်းရန်၊ အသင်းအမည်ကို Generation of Society United Kingdom ( GMS-UK ) အဖြစ် မွန်အများစု သဘောတူညီချက်ဖြင့် စတင်နိုင်ခဲ့ပါသည်။ အမှုဆောင်အဖွဲ့ဝင် ၆ ဦးပါ GMS-UK constitution ကို ကျွန်တော်၊ နိုင်အောင်ဇော်တမိုက်၊ နိုင်သန့်စင် နှင့် နိုင်အိုင်းမွန် တို့ မှ ရေးဆွဲကာ အများစု သဘောတူနိုင်ခဲ့သည်။ အသင်းဥက္ကဌ နိုင်တလနွန်၊ အတွင်းရေးမှူး နိုင်အောင်ဇော်တမိုက် (Chef Orng)၊ ဘဏ္ဍာရေးမှူး မိကရီထော၊ စည်းရုံးရေးမှူး နိုင်အိုင်းမွန်၊ ပြန်ကြားရေး နိုင်အောင်နန်း (ကျွန်တော်)၊ နှင့် ယဉ်ကျေးမှု ဦးစီး မိညိုညို (မိအေးစုစုနင်း) တို့ ၆ဦးကို တာဝန်ပေး ရွေးချယ်ခဲ့သည်။ Generation of Mon Society UK အမည်ကို မိကြူကြူမှ တင်သွင်းကာ အားလုံးသဘောတူခဲ့ကြသည်။ အသင်း အမှတ်တံဆိပ် logo မှာ စာအုပ်အပေါ် ဟင်္သာရပ်ပြီး Generation of Mon Society UK စာတန်းကို စက်ဝိုင်းခြမ်း သဏ္ဍာန် အုပ်ကာ ရွေးချယ်ခဲ့ပါသည်။ မွန်အမျိုး

သားများ ပညာရေးဦးစားပေးမည့် အမျိုးဘာသာ သာသနာထွန်းကားရေး ရည်ရွယ်ချက်ဖြင့် မွန်မျိုးဆက်သစ် အဖွဲ့ အဖြစ် ဦးတည်ခဲ့ပါသည်။

GMS-UK အနေဖြင့် မွန်ပြည်နယ် ရှိ မွန်အမျိုးသားပညာရေး ကျောင်းများတွင်၊ ၂၀၀၃ ခုနှစ် မှ စ၍ နှစ်ပေါင်းများစွာ ဘဏ္ဍာငွေထောက်ပံ့ လှူဒါန်းခဲ့ပါသည်။ ၂၀၀၄ ခုနှစ် တွင် မွန်ပြည်နယ် သာသနာ ၂၅၀၀ စေတီတော် ကျောင်း၌ ကျင်းပသော မွန်သံဃာတော် ဓမ္မစရိယ စာမေးပွဲ ဖြေဆိုပွဲတွင် အလှူငွေ ထည့်ဝင်လှူဒါန်းခဲ့ပါသည်။ ၂၀၀၈ ခုနှစ် တွင် ဦးဆောင်ဦးစီး အချို့ သဘောတူညီချက်ဖြင့် အီးယူ-မွန် အဖွဲ့အစည်းတွင် GMS-UK အနေဖြင့် အစမ်းဝင်ခဲ့ပါသည်။ ထို့ကြောင့် GMS-UK ၏ ပုံရိပ်ကို ကမ္ဘာတွင် ပြသရာ OMCC (Oversea Mon Coordination Committee) ၏ သတင်းဂျာနယ်တွင် ပါဝင်ခဲ့သည်။ သို့သော် GMS-UK နှင့် အီးယူနိုင်ငံ အချင်းချင်း ဆက်သွယ်နိုင်မှု အားနည်းခြင်း၊ GMS-UK အသင်းသားတချို့ မှ အီးယူမွန် အဖွဲ့အစည်း ဝင်ရောက်ခြင်းကို မနှစ်သက်မှုရှိခြင်းကြောင့် ၂၀၁၀ တွင် အီးယူမွန် အဖွဲ့ မှ ပြန်လည် နှုတ်ထွက်ခဲ့ပါသည်။

အသင်းညီလာခံကို ၂ နှစ် ၁ ကြိမ် ကျင်းပပြီး ဦးဆောင်သူ ၆ဦးကို ပြန်လည်ရွေးချယ်ရမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ၁ ကြိမ်၊ ၂၀၁၁ တွင် ၁ ကြိမ် ဦးဆောင် ဦးစီး အသစ်များ ရွေးချယ်ခဲ့ပါသည်။ ၂၀၁၂ တွင် ဦးဆောင်ဦးစီး စည်းရုံးရေးမှူး ၁ဦး မရှိပြီး နောက်၊ ၂၀၁၆ တွင်လည်း ဘဏ္ဍာရေးဦးစီး နိုင်ဗညားအောင်ထူး လည်း နှုတ်ထွက်ကာ ဦးစီးဦးဆောင် အသစ် ပြန်လည်ရွေးချယ်ရန် ၂၀၁၃ မှ စတင် ပျက်ကွက်ခဲ့ပါသည်။ သို့သော်ငြားလည်း၊ ဘဏ္ဍာရေးမှူး တာဝန်ကို လက်ရှိ အတွင်းရေးမှူး နိုင်သွးဟမွန်မှ ပူးတွဲတာဝန် ယူခဲ့ပါသည်။
ယနေ့တိုင် တာဝန်ယူ ဦးဆောင်ဦးစီး များအဖြစ် ဥက္ကဋ္ဌ နိုင်သန်းစိုး(နိုင်ပောင်းမွန်)၊ အတွင်းရေးမှူး နိုင်သွးဟမွန်၊ ပြန်ကြားရေး နိုင်ဗိုစံ၊ နှင့် ယဉ်ကျေးမှု ဦးစီး မိတလထော ၄ ဦးသာ ရပ်တည်ဦးဆောင်ကာ အသင်းတာဝန် အများစုကို ကျန်အသင်းသားများ မှ ဖြည့်စည်း ကူညီဆောင်ရွက်နေသည်။

GMS-UK သည် နှစ်စဉ်နှစ်တိုင်း လန်ဒန်မြို့ တွင် မွန်အမျိုးသားသားနေ့ ကျင်းပခြင်းများ အပြင်၊ မွန်ပြည်နယ်အတွင်း ပညာရေး သာသနာအကျိုးများ သယ်ပိုး၍ မွန်တိုင်းရင်းသားများ၏ ဂုဏ်ယူဝင့်ကြွားဖွယ် ဂုဏ်ပုဒ်များစွာ ယူဆောင်နိုင်ခဲ့သည်။ အသင်းဖွံ့ဖြိုးတိုးတက်ရေး အပြင် အသင်းသားများအား ပြန်လည်ကူညီစောင့်ရှောက်ခြင်း၊ ဂုဏ်ပြုဆုဂုဏ်ပြုလွှာများ ပေးအပ်ခြင်း၊ ထောက်ခံစာ ပံ့ပိုးပေးခြင်းများဖြင့် အသင်းစည်းလုံး ညီညွတ်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။


၇၂ ကြိမ်မြောက် မွန်အမျိုးသားနေ့ ကျင်းပပြီးနောက် အသင်း စာရင်းရှင်းတမ်း ထုတ်ပြန်ရန် နှင့် ရှေ့ဆက်လုပ်ငန်း တာဝန်အတွက် တွေ့ဆုံပွဲ ကို နိုင်သွးဟမွန် မှ ကမ်းလှမ်းထားပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် အတည်ပြုနိုင်ရန် ကျွန်တော်မှ ရှေ့ဆက်လုပ်ငန်းစဉ် အတွက် အကြံပြုချက် ၂ ခု တောင်းဆိုပါမည်။

၁ ခု မှာ လစ်လပ်နေသော အသင်းဦးဆောင်ဦးစီးကို ပြန်လည်ရွေးချယ်ရေး ဖြစ်သည်။ ဥက္ကဋ္ဌ နိုင်သန်းစိုး၊ အတွင်းရေးမှူး နိုင်သွးဟမွန်၊ ဘဏ္ဍာရေးမှူး မိသန်းနွယ်၊ စည်းရုံးရေးမှူး မိရွှေဖြူ၊ ယဉ်ကျေးမှု ဦးစီး မိတလထော၊ ပြန်ကြားရေး နိုင်နွန်ထောရတ် (နိုင်ဌေးမျိုးကျော်)၊ တို့အား အကြံပြုတင်မြှောက်လိုပါသည်။ ဒုတိယအနေဖြင့် အသင်းကိုယ်စားပြုရန် ဆုံးဖြတ်ချက်များ ချထားရာ မှန်မှန်ကန်ကန် ရှိရေးအတွက်၊ အသင်းဦးဆောင် ဦးစီး ၆ ဦး အစား၊ ၇ ဦး ရွေးချယ်ထားပြီး၊ ဆုံးဖြတ်ချက် ၁ ခုခု အတွက် ၇ ဦး မှ ၄ ဦး သဘောတူလျှင် အတည်ပြုနိုင်ရေး ဖြစ်သည်။ ထိုအတွက် ဒု-ဥက္ကဋ္ဌ အဖြစ် မိသီတာကို ရွေးချယ်တင်မြှောက်ရန် အကြံပြုလိုပါသည်။ ထို့ပြင် ဦးဆောင်ဦးစီးများ လိုအပ်ပါက ဒု-ဦးစီး ၁ ဦး ရွေးချယ်တင်မြှောက်နိုင်သည်။ ထိုသို့ ရွေးချယ်ရရှိထားသော အသင်းအမှုဆောင် ဦးစီး များ နှင့် ဒု-ဦးစီးများက လက်ရှိ ဆက်သွယ်ရေး ကွန်ယက်တွင် ထည့်သွင်းပြီး ဆက်လက်ရပ်တည်ဘို့ လက်ရှိ ဦးစီးများ ဆက်သွယ်ရေး ကွန်ယက် အမည်ကို ဆက်လက်ထားရှိရမည်။

၂။ ရှေ့ဆက် စာရင်းရှင်းပြီး လက်ကျန်ငွေ တချို့ မှ မွန်ပြည်နယ် အမျိုးသားရေး၊ သာသနာရေး၊ ပညာရေး ကဏ္ဍများတွင် လှူဒါန်းမှု ပါဝင်ပြီး၊ အသင်းရှေ့ဆက်ရန် အတွက် ရန်ပုံငွေ တချို့ ထားပေးရန်၊ အကြံပြုပါသည်။ အသင်းအတွက် banner ၂ ခု ဝယ်ယူရန် ခန့်မှန်းခြေ ပေါင် ၁၅၀၊ အကာဝတ်စုံ အသစ်၊ နှင့် ရင်ထိုး တံဆိပ် အချို့ ဝယ်ရန်၊ ရည်မှန်းချက် ဖြည့်စည်းရန် ကြိုးပမ်းမှု အတွက် ဗီဒီယို ကမ်ပိန်းရိုက်ကူးရေး များ အတွက် စုပေါင်းရံပုံငွေ ထားပေးရန် အကြံပြုလိုပါသည်။

၂၀၁၁ မှ စ၍ မွန်အမျိုးသားနေ့ ကျင်းပရေးတွင် ဗီဒီယို ကမ်ပိန်းများရိုက်ကူး တင်ဆက်ပြီး အသင်းလှုပ်ရှားမှုများ ပိုမို တက်ကြွ အောင်မြင်စေခဲ့သည်ကို ကိုးကားသုံးသပ်နိုင်ပါသည်။





20:18 Thu 28 Feb
burmatoday.net
14%

KAO WAO NEWS LETTER

Home

Thursday, February 28 | Burma Today | Mizzima | D V B | Irrawaddy | Kao Wao | S H A N | Network Media

MON NATIONAL DAY IN LONDON

(By Ashley South)

On Monday 9th February the Mon community in London met to celebrate the 57th anniversary of Mon National Day. This was the third time Mon National Day had been formally observed in the UK, and the first time I had attended this event in my own country (last year I was in Rangoon on MND; the year before I celebrated with the Mon community at Mahachai, in Thailand).

When I arrived at Ealing Town Hall at 6 PM, it was obvious that a great deal of hard work had already gone into the preparations. As well as a photo display of the previous two years' events, there was an impressive stage and sound system, featuring a portrait of the great Mon king Rajadhirat, and a flying hongsa (Golden Sheldrake) emblem (in fact, the NMSP flag). I was a bit worried though, that there wouldn't be enough people to fill the large hall.

However, it soon became clear that this was definitely not a problem. By the time we all stood up to pay respect to the flag, the hall was almost full; by the time the speeches ended - about forty-five minutes later - there were many more people than seats.

In total, over 250 people attended the celebrations; of whom I think about 50


စာရေးဆရာ Ashley South ၏ သတင်းဆောင်းပါး ၁ ပုဒ်။ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ








မွန် ဟသ်ာ အငြိမ့် ဖျော်ဖြေတင်ဆက်မှုများ



Mon Affairs Union


**Payment Voucher**

Name:
Address:
No.:
Date: 25 Sep. 09
ID Card No.:
Project:

| Account | Item(s) | Description | Amount (in Baht) |
|---|---|---|---|
| | | GMSUK | |
| | | | 14,901. |
| | | Total : | 14,901.- |

In words :

| Approved by: | Payer: | Recipent: |
|---|---|---|
| Nai Kao Tala Rot | Nai Dho-ong Jhaan, | |
| Director, MAU | Administrator, MAU | |



Mon Affairs Union

**Payment Voucher**

Name: (Kaowao Newgroup
No.:
Address:
Date: 23 Sep 09
ID Card No.:
Project:

| Account | Item(s) | Description | Amount (in Baht) |
|---|---|---|---|
| | | GMSUK | |
| | | | 12,284. |
| | | Total : | 12,284.- |

In words :

| Approved by: | Payer: | Recipent: |
|---|---|---|
| Nai Kao Tala Rot | Nai Dho-ong Jhaan | Editor |
| Director, MAU | Administrator, MAU | Kaowao Newgroup |

မွန်ပညာရေး ကျောင်းရံပုံငွေ နှင့် Kaowao သတင်းဌာနသို့ လှူဒါန်းခြင်းမှ ဂုဏ်ပြုလက်မှတ်များ - ၂၀၀၉ ခုနှစ် စက်တင်ဘာလ



စွတ်သမ္မိ ဍိုန်ဂုဏ်စရေဲ ထံက်ပင်ပရေင်ပညာ တောန်ဂကူမန်

မွန်ပညာရေးရန်ပုံငွေ ဂုဏ်ပြုမှတ်တမ်းလွှာ

Certificate of Honor for Donation to Mon National Education

MNEC

ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

တင်ဂုဏ်ကု ဂကော်မန် GMS

ဌာန်ဒှ်ုင် THE UNITE KINGDOM ဝ်

ထံက်ပင်လဝ်သြန် 1,310,030.33 ဒဓောဝ် တဲ

ဍိုန်ဂုဏ်စရေဲ သွဏာစွတ်သမ္မိရအ်။

ကျာ်ဇ္ဍော်အွာ ဘဒ္ဒန္တကေတုမာလာ
(ကမ္မတီကၞိုက်ဝ်)
ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

နာဲတွ်ညး
(ဥက္ကဋ္ဌ)
ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

ဂုဏ်ပြုလွှာ ၂၀၁၅ ခုနှစ် ဇူလိုင်လ



စွတ်သမ္မိ ဍိုန်ဂုဏ်စရေဲ ထံက်ပင်ပရေင်ပညာ တောန်ဂကူမန်

မွန်ပညာရေးရန်ပုံငွေ ဂုဏ်ပြုမှတ်တမ်းလွှာ

Certificate of Honor for Donation to Mon National Education

MNEC

ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

တင်ဂုဏ်ကု Generation of Mon Society

ဌာန်ဒှ်ုင် London, UK ဝ်

ထံက်ပင်လဝ်သြန် 1,265,850 = ဒဓောဝ် တဲ

ဍိုန်ဂုဏ်စရေဲ သွဏာစွတ်သမ္မိရအ်။

ကျာ်ဇ္ဍော်အွာ ဘဒ္ဒန္တကေတုမာလာ
(ကမ္မတီကၞိုက်ဝ်)
ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

နာဲဗညာလ်
(ဥက္ကဋ္ဌ)
ကမ္မတီပရေင်ပညာကောန်ဂကူမန် (ဗဟို)

ဂုဏ်ပြုလွှာ ၂၀၁၈ မတ်လ ၂၀ ရက်














**ချင်အေန်ဂလာန်**

ဂကောံသ္ဂတ်မန်ယူအေ General of Mon Society UK အာဂတပ္ဂတရ်ရတှ်ဲ ကောန်မန် ပွ်ချင်အေန်ဂလာန်တအ်ဲ ရန်တ္ဂအ်ကိ ဂွံထွး ပျးအခိုက်ကၠာမန်ဇိပ်ပ်ဂိုပ်ပ် ဂွံဂွံဒ္ဂအဲခိုဟ်ဟ်တဲ ဒးပဆဲလဝ်အခိုင် စိုက်ဂိတုမာတ် ၆၊ ရ။ သဘင်ကၠာဂု ကျောန်ဗဒိပ္ဂဘာတန်သ္ဂင် ခါဒီနလ် ဝိသေမန် Cardinal Wiseman High School နူအခိုင် မသုန်နာဒ္ဂီ သဝ်တ္ဂဲ စိုက်ိ စုမ္ဂဲနာဒ္ဂိုတ္ဂံရ။ ကောန်ဂကူနာနာ တိုန်စိုပ် သိုဖအိုတ်မ္ဂိုဟ် ၆၅၇ တ္ဂ ရ။

အခေါင်မင်မွဲထ္ဂး ယေန်သ္ဂာင်အခိုက်ကၠာညး တအ်ဲ ပွဲမဗ္ဂးစးန္ဂံကိုလေဝ်၊ ချင်ဗှာတေအ်ဂှ် ကောန်ချင်အရင်ဂမ္ဂိုင် အခေါင်ထ္ဂး ယေန် သ္ဂာင်ဇကု ဗ္ဂးဗ္ဂးစးစးဟွံမွဲဂှ် အောန်စိုတ် ကွေဟ်။" ဒံက်တာဝ္ဂံ မဒ္ဂိဂကူမန် နူဇာတိ ကဒေါကအ်နာတ် မဒ္ဂိမသသေဒ္ဂီမန်နာဲအံက် တဲ မဒ္ဂိဒေအ် မာန်တေန်သာန် ရ။ ညးကျာင် စိုပ်ဒ္ဂိုင် ပွ်အေန်ဂလာန်ဂှ် ပွိုင် ၃၀သ္ဂာံပြင်င်တဲ ကျောန်ဒ္ဂိုင် ပွဲရင်ဂဉ္ဂ အေန်ဂလာန်မွဲ နဒဒ္ဂ် ပါရဂူရ။ ညးဝ္ဂံ ကိုကျာင်အရီအဗင် ကုဂကောံ သ္ဂတ်မန်ယူကေ ဝ္ဂံ နူသ္ဂာံမစ စိုက်ိုလ္ဂုဟ်ရ။

